## အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာအောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ် မှ ၁၅ နှစ်၊ ၁၆ နှစ် မှ၂၀ နှစ်၊ ၂၁ နှစ် မှ ၂၅ နှစ် ဟူ၍ အသက်အရွယ် အပိုင်းအခြား (၃) ခု ခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

( ခ ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံ ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myatthujack@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) Format JPG A3 (297 x 420 mm) with the correct aspect ratio ၊

(၂) Resolution 300 dpi ၊

(၃) File Size 15 Mb ထက်မပိုစေရ။ ၁၀ file ထက် မပိုရပါ၊

(၄) ပိုစတာရေးဆွဲရာတွင် tablet များ၊ stylus များ၊ ကွန်ပျူတာပရိုဂရမ်များ အသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း) နှင့်အတူ Hard Copy (၂)စုံနှင့် Soft Copy CD (၁)ချပ် ပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှု

ဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလှဲ့လှဲ့အောင်၊ ညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) File Submission Format JPG ၊ A3 (297x420 mm) with correct aspect ratio ၊

(၂) Resolution 300 dpi ၊

(၃) File Size 15 Mb ထက်မပိုစေရ၊ ၁၀ file ထက် မပိုရပါ။

(၄) ပန်းချီရေးဆွဲရာတွင် Pencil၊ Felt-tip Pen ၊ Crayons ၊ Paints ၊Sketch Markers၊ Sepia ၊ Sanguine ၊ Charcoal ၊ Ink ၊ Capillary Pen စသည့် ကိရိယာများ အသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရောနစ်ပစ္စည်းများ အသုံးပြု၍ ရေးဆွဲခြင်း မပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီး ဌာန၏ www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါ်ခင်မိုးဦး၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) Format mp 4၊

(၂) Resolution 3840 x 2160 p ထက်မပိုစေရ၊

(၃) File Size 300 Mb ထက်မပိုစေရ၊

(၄) Duration 120 Seconds ထက်မပိုစေရ၊

(၅) Sound 16-bit, stereo ၊ ၁၀ ဖိုင်ထက် မပိုရပါ။

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ခေါင်းစဉ်၊ ရှင်းလင်းချက်စာသား (ပိုစတာများနှင့် ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ (ဗီဒီယိုများအတွက်) ကို ရုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာ ဖန်တီးသူ၏ Last name၊ First Name ၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များ) နှင့် နိုင်ငံစသည့် အချက်အလက်များ ပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆု ရရှိသည့် ပိုစတာ၊ ပန်းချီ နှင့် ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆု အပါအဝင် အကောင်းဆုံး ပိုစတာ၊ ပန်းချီ နှင့် ဗီဒီယို (၁၀) ခုစီကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါ အချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်ဆန့်ကျင်သော စာသားများ၊ ဇာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်များကို မှန်ကန်စွာ ဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယို တို့ကို Artificial Intelligence (AI) နည်းပညာ အသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲတွင်**

**ဝင်ရောက်ယှဉ်ပြိုင်သူများ၏ ဝင်ခွင့်လျှောက်လွှာ/ဝန်ခံကတိပြုလွှာ**

| | | |
|---|---|---|
| ၁။ | အမည် | - |
| ၂။ | ကျား/မ | - |
| ၃။ | မွေးသက္ကရာဇ် (ရက်၊ လ၊ ခုနှစ်) | - |
| ၄။ | အသက် | - |
| ၅။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ သက်သေခံလက်မှတ် | - |
| ၆။ | လူမျိုး/ ဘာသာ | - |
| ၇။ | ပညာအရည်အချင်း | - |
| ၈။ | လက်ရှိအလုပ်အကိုင် | - |
| ၉။ | အဖအမည် | - |
| ၁၀။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - |
| ၁၁။ | အမိအမည် | - |
| ၁၂။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - |
| ၁၃။ | အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ | - |
| ၁၄။ | ဆက်သွယ်ရမည့်ဖုန်းနံပါတ် | - |
| ၁၅။ | e-mail | - |
| ၁၆။ | ယှဉ်ပြိုင်မှုပုံစံ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) | - |
| ၁၇။ | ပြိုင်ပွဲဝင်အမျိုးအစား (ပိုစတာ သို့မဟုတ် ပန်းချီ သို့မဟုတ် ဗီဒီယို) | - |

၁၈။ မိမိသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် တစ်ဖက်ဖော်ပြပါအချက်များကို သိရှိပါကြောင်းနှင့် သဘောတူ လက်ခံပါကြောင်းဝန်ခံကတိပြုလက်မှတ်ရေးထိုးပါသည်-

(က) ပြိုင်ပွဲဝင်များသည် မိမိ၏ပြိုင်ပွဲဝင် ပိုစတာ သို့မဟုတ် ပန်းချီ သို့မဟုတ် ဗီဒီယိုကို တင်သွင်းသည့်အခါ မူပိုင်ခွင့်ကို ပိုင်ဆိုင်ကြောင်းနှင့် အခြားသူများ၏ ဉာဏအခွင့်အရေးကို ချိုးဖောက်မှုမရှိကြောင်း၊

( ခ ) အခြားသူများ၏ မူပိုင်ခွင့်အခွင့်အရေးများကို ချိုးဖောက်၍ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မူပိုင်ခွင့်ဥပဒေဖြင့် အရေးယူခံရမည်ဖြစ်ကြောင်း၊

( ဂ ) မိမိအနေဖြင့် အခြားသူများ၏ မူပိုင်ခွင့်များကို ချိုးဖောက်၍ ပြိုင်ပွဲဝင် ပိုစတာ သို့မဟုတ် ပန်းချီ သို့မဟုတ် ဗီဒီယိုများတွင် ထည့်သွင်းအသုံးပြုခြင်းကြောင့် ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ပြိုင်ပွဲစီစဉ်ကျင်းပသည့် အဖွဲ့အစည်းများနှင့် စိစစ်ရွေးချယ်ရေးကော်မတီတို့နှင့် သက်ဆိုင်မှုမရှိကြောင်း၊

(ဃ) မိမိ၏ပြိုင်ပွဲဝင် ပိုစတာ သို့မဟုတ် ပန်းချီ သို့မဟုတ် ဗီဒီယို ကို လိုအပ်ပါက တည်းဖြတ်ခြင်း၊ မှတ်ချက်များ၊ ရှင်းလင်းချက်များ ထည့်သွင်းခြင်းနှင့် မူရင်းတင်ပြသူ ပိုင်ရှင်အမည်ကို ဖော်ပြခြင်းမပြုဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် ပြိုင်ပွဲစီစဉ်ကျင်းပသည့် အဖွဲ့အစည်းများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့မှ အသုံးပြုခြင်းကို ခွင့်ပြုကြောင်း၊

( င ) ပြိုင်ပွဲဝင် ပိုစတာ သို့မဟုတ် ပန်းချီ သို့မဟုတ် ဗီဒီယိုတို့ကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပေးအပ်ခြင်းများ ပြုလုပ်မည်မဟုတ်ပါကြောင်း၊

( စ ) ပြိုင်ပွဲဦးဆောင်ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပြိုင်ပွဲသို့ တင်သွင်းသည့် ပိုစတာ သို့မဟုတ် ပန်းချီ သို့မဟုတ် ဗီဒီယိုများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ ဝက်ဘ်ဆိုဒ်နှင့် အင်တာနက် စာမျက်နှာများတွင် ဖော်ပြခြင်း၊ ပြပွဲများ၊ ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ကြား ဆွေးနွေးပွဲများစသည်တို့တွင် အသုံးပြုခြင်းနှင့် မည်သည့်အတွက်ကြောင့် အသုံးပြုခြင်းဖြစ်သည်ကို ကာယကံရှင်အား အကြောင်းကြားမည် မဟုတ်သည်ကို သိရှိပါကြောင်း။

| | |
|---|---|
| လက်မှတ် | ---------------------------------- |
| အမည် | ---------------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ | ---------------------------------- |
| သက်သေခံလက်မှတ် | ---------------------------------- |
| ရက်စွဲ | ---------------------------------- |